# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

October 20 , 2022 — Volume 59, Number 13


| ၂၀.၁၀.၂၀၂၂ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၆၅၈ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၉၀၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၀၆၆.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၄၇၇.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၃၆၈.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၂၁.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၁.၆၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၅၀၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၇.၃၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၅.၂၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၅.၁၄၀ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၃၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၃၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုအောက်ရှိ နယ်စပ်ဖြတ်ကျော်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စတုတ္ထအကြိမ်မြောက်လုပ်ငန်းအဖွဲ့အစည်းအဝေး (4th Joint Working Group Meeting on Cross-border Economic Cooperation under Mekong- lancang Cooperation- 4th JWG-CBEC) ကျင်းပ



https://www.commerce.gov.mm

မဲခေါင်-လန်ချန်းပူးပေါင်း ဆောင်ရွက်မှုအောက်ရှိ နယ်စပ်ဖြတ်ကျော် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စတုတ္ထအကြိမ်မြောက် လုပ်ငန်းအဖွဲ့အစည်းအဝေး (4th Joint Working Group Meeting on Cross-border Economic Cooperation under Mekong- lancang Cooperation- 4th JWG-CBEC) အား မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ (၁၉) ရက်နေ့၊ မြန်မာစံတော်ချိန် နေ့လည် (၁၁:၃၀)နာရီ အချိန်မှ (၁၅:၀၀) နာရီအချိန်အထိ Virtual နည်းလမ်းဖြင့် စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၃)၌ လက်ခံကျင်းပခဲ့ပါသည်။

အဆိုပါအစည်းအဝေးသို့ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုဆိုင်ရာအဖွဲ့ဝင် နိုင်ငံများ စုံညီစွာ တက်ရောက်ခဲ့ကြပြီး ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများမှ နယ်စပ်ဖြတ်ကျော် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့ ကိုယ်စားလှယ်စုစုပေါင်း (၄၃) ဦးသည် online ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံဘက်မှ မဲခေါင်-လန်ချန်းနယ်စပ်ဖြတ်ကျော် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့၏ ဦးဆောင်ဝန်ကြီးဌာနဖြစ်သည့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးဆောင်၍ မဲခေါင်-လန်ချန်း နယ်စပ်ဖြတ်ကျော် စီးပွားရေးပူးပေါင်းဆောင်ရွက်သည့်ကဏ္ဍများနှင့်သက်ဆိုင်သည့် တာဝန်ခံဝန်ကြီးဌာနများမှ စုစုပေါင်းကိုယ်စားလှယ် (၃၀) ဦးသည် offline ဖြင့်လည်းကောင်း အသီးသီး ပါဝင်တက်ရောက်ခဲ့ကြပါသည်။ အဆိုပါ အစည်းအဝေးအား မြန်မာနိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ ဒေါက်တာထိန်လင်းမှ အစည်းအဝေးဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (Ministry of Commerce of People's Republic of China- MOFCOM)မှ ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ Mr. Yu Xiang မှ အစည်းအဝေးပူးတွဲဥက္ကဋ္ဌအဖြစ် လည်းကောင်း ဆောင်ရွက်ခဲ့ကြပြီး အစည်းအဝေးတွင် မဲခေါင်-လန်ချန်း နယ်စပ်ဖြတ်ကျော် စီးပွားရေး

ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာလုပ်ငန်းအဖွဲ့၏ ဖြစ်ပေါ်တိုးတက်မှုများ၊ မဲခေါင်-လန်ချန်းနိုင်ငံများအကြား စက်မှုလုပ်ငန်းများနှင့် တန်ဖိုးချိတ်ဆက်ကူးပြောင်းမှုဆိုင်ရာကိစ္စရပ်များ၊ မဲခေါင်-လန်ချန်း နယ်စပ်ဖြတ်ကျော် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ (၅)နှစ် စီမံကိန်း (မူကြမ်း)အပေါ် သဘောထားအမြင်များ ဖလှယ်ခဲ့ကြပြီး မဲခေါင်-လန်ချန်းဒေသနိုင်ငံများအကြား ဒေသန္တရအစိုးရများအနေဖြင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအား တင်ပြဆွေးနွေးခဲ့ကြပါသည်။

**Source:**https://www.commerce.gov.mm/my/article/%E1%80%92%E1%80%B1%E1%80%9E%E1%80%90%E1%80%BD%E1%80%84%E1%80%BA%E1%80%B8%E1%80%80%E1%80%AF%E1

## ကသာဒေသထွက် ဘီလားကောင်များ ထိုင်းသို့တိုက်ရိုက်တင်ပို့ရောင်းချ


https://www.myanmaplatform.com/a/64304.html

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာဒေသထွက် ဘီလားကောင်များကို ယခုနှစ်မှစ၍ ထိုင်းနိုင်ငံသို့ ကသာမြို့မှ တိုက်ရိုက်တင်ပို့ရောင်းချနေရကြောင်း ပုရစ်၊ ဘီလားအရောင်းဒိုင် မဇာဇာအောင်ထံမှ သိရသည်။

"ပုရစ်လုပ်လာတာ ၁၅နှစ်ရှိပြီ။ ဘီလားကို ထိုင်းဝယ်လက်တွေကို ပေးတာ။ မန္တလေးက ထိုင်းပို့တဲ့ ပွဲစားတွေက ကျမတို့ ကသာကိုလှမ်းသိမ်းတယ်။ ဒီနှစ်က ဘန်ကောက်က တိုက်ရိုက် ကသာကို ယူတာရှိလာတယ်။ ကသာကနေ ဘန်ကောက်အရောက် ပို့ရတာတော့မဟုတ်ဘူး။ သူတို့က ရန်ကုန်ပို့ပေးဆို ပို့ပေးရတယ်။ မန္တလေးပို့ပါဆို ပို့ပေးရတယ်။ သူတို့က ပြန်ပြီးမှ ဘန်ကောက်သယ်တာပါ"ဟု မဇာဇာအောင်ကပြောသည်။ ဘီလားတစ်ကောင်ကျပ် ၂၅၀၊ ၃၀၀ ရရှိပြီး တစ်ပိဿာအိတ် တစ်အိတ်ဖြင့် အကောင်တစ်ရာဆန့်ပြီး ထိုင်းမှ ဘီလားမှာယူသူမှ ပြုတ်ပေးဆိုလျှင် ပြုတ်ပေးသလို၊ ပေါင်းပေးဆိုလျှင် ပေါင်းပေးပြီး မှာယူသူက သူတို့ထည့်ချင်သည့်ပုံစံပြန်လုပ်၍ ရေခဲကာ ဘန်ကောက်သို့ ပို့ခြင်းဖြစ်ကြောင်း သိရသည်။

"ကသာဖက်မှာ ပုရစ်ဖမ်းရင်းနဲ့ ဘီလားကျတယ်။ ပုရစ်ကျချိန်နဲ့ ဘီလားကျချိန် အတူတူပဲ။ မေလ၊ ဇွန်လရယ် အောက်တိုဘာနဲ့နိုဝင်ဘာလတွေမှာကျတယ်။ တစ်နှစ်မှာ နှစ်ကြိမ်ကျပါတယ်။ ပုရစ်မီးသီးမှာပဲ ဘီလားကျတယ်။ ဘီလားက ကုန်းနေ၊ ရေနေသတ္တဝါပါ။ အရင်က ပွဲစားကတဆင့် ရောင်းတာဆိုတော့ အခု တိုက်ရိုက်ဈေးလောက်မရဘူး။ ဈေးက တော်တော်ကွာတယ်။ အရင်နဲ့အခုဈေးက တော်တော်ကွာသွားပါတယ်။ ပြည်တွင်းဈေးကွက်အနေနဲ့ကသာမြို့တွင်းနဲ့ မန္တလေး၊ ရန်ကုန်ကမှာရင် ပို့ပေးနေတယ်" ဟု မဇာဇာအောင်က ပြောသည်။

ပြည်တွင်းက ဘီလားမှာလျှင် ဆေးအသုံးကျ၍ မှာကြသည်ကများပြီး ကြိုက်၍စားလိုခြင်းကြောင့် မှာသူနည်းကြောင်း သိရသည်။ ဘီလားကောင်သည် ရေဖျင်း၊ ပန်းနာရင်ကျပ်၊ ကလေးများဆိုလျှင် သူငယ်နာပျောက်သည်အထိ ဆေးဖက်ဝင်ကြောင်း မှတ်သားရသည်။ "အခုက ဘီလားကောင်အရ နည်းသေးတယ်။ အချို့ရက်တွေဆို တစ်သောင်းကျော် ရတာမျိုးရှိတယ်။ အခုက ပုရစ်လည်းအစဆိုတော့ ဘီလားလည်း အစရှိသေးတယ်" ဟု မဇာဇာအောင်က ပြောသည်။

ပုရစ်က ရာသီစစခြင်းက အကောင် ၂ သောင်း ၃ သောင်းသာရပြီး အောက်တိုဘာလ ၁၆ ရက်က ပုရစ်အကောင် ၂ သိန်းကျော်ရသလို ၁၅ ရက်နေ့က ၃ သိန်းကျော်ရကြောင်း အောက်တိုဘာလ ၁၇ ရက်မှာ ပုရစ်က ၇ သောင်းခန့် ဘီလားက အကောင် ၈၀၀ နှင့် ၁၀၀၀ ကြားခန့်ရမည်ဟု သိရသည်။

**Source:** https://www.myanmaplatform.com/a/64304.html

## ဧရာဝတီတိုင်းရွှေဈေးကွက်အတွင်း အဝယ်ထက် ရွှေထည်ရောင်းချမှုတွေပဲ များနေ

ဧရာဝတီတိုင်းမှာ လတ်တလော ရွှေဈေးကွက်အတွင်း အကြောင်းအမျိုးမျိုးတွေကြောင့် အဝယ်ထက် ရွှေထည်ရောင်းချမှုတွေ များပြားနေတယ်လို့ ဧရာဝတီတိုင်းက ရွှေလုပ်ငန်းရှင်များတွေဆီကနေ သိရပါတယ်။ ''ရွှေကတော့ ဈေးတက်နေဆဲဖြစ်ပါတယ်၊ ဈေးကျလည်း ခဏပဲကျဖို့ရှိပါတယ်၊ လက်ရှိဝယ်လိုအားနည်းပြီး ရောင်းတာတွေများတယ်၊ မပြေလည် အလုပ်အကိုင်တွေမကောင်းတော့ ရောင်းတဲ့သူတွေပဲများနေတာ၊ ပွင့်လင်းရာသီရောက်လာပြီး ဒီဘက်က ရောင်းအားက တက်မလာဘူး ၊ အကြောင်းအမျိုးမျိုးကြောင့် ရောင်းသူတွေပဲရှိနေတာ ၊ ရွှေရောင်းအားက ရှေ့ဆက်ပြီးလည်း ဈေးက တက်လာဖို့မရှိဘူး" လို့ ရွှေလုပ်ငန်းရှင်တစ်ဦးက ပြောပါတယ်။

ရော၀တီတိုင်းမှာ လက်ရှိပြင်ပရွှေ ဈေးကွက်ပေါက်ဈေးမှာ တစ်ကျပ်သားကို ကျပ် ၂,၇၂၀,၀၀၀ ဖြစ်ပြီး ရည်ညွှန်းဈေးနှုန်းထက် ကျပ် ၇၁၀,၀၀၀ ပိုမိုနေပြီး စိုက်ဘဏ်ချေးငွေနဲ့ အခြားအခက်အခဲတွေကြောင့် ရွှေဈေးလည်းတက်နေသေးလို့ ရွှေတွေကိုရောင်းပြီး ပြန်ဆပ်နေရတယ်လို့ သိရပါတယ်။

“မိုးစိုက်ပျိုးစရိတ် ဘဏ်ချေးငွေအကျန်ကလည်း သက်ဆိုင်ရာကတောင်းနေတယ်။ စပါးတွေကလည်း မပေါ်သေးဘူး။ ဒါ့ကြောင့် အိမ်မှာရှိတဲ့ ရွှေထည်ပစ္စည်းလေးကို အပြတ်ရောင်းပြီးဆပ်လိုက်တာ၊ ရွှေဈေးကလည်း တက်နေသေးတော့ တော်သေးတယ်” ဟု ရော၀တီတိုင်းက တောင်သူတစ်ဦးကပြောပါတယ်။ ရော၀တီတိုင်းမှာ ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်းကလည်း ကိုဗစ်ချေးငွေနဲ့ သမဝါယမချေးငွေတွေ ပြန်ဆပ်ဖို့အတွက်ဆိုပြီး တောင်သူတွေက စပါးရောင်းပြီး လုပ်ခဲ့တဲ့ရွှေတွေကို ပြန်ရောင်းထုတ်ခဲ့တာရှိတယ်လို့ ရွှေလုပ်ငန်းရှင်တွေဆီကနေ သိရပါတယ်။

**Source:** https://www.myanmaplatform.com/a/64337.html

## နေပြည်တော်တွင် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲစတင်ခဲ့ပြီး ပုလဲအတွဲပေါင်း ၄၀၀၊ ကျောက်မျက်အတွဲပေါင်း ၁၂၀ နှင့် ကျောက်စိမ်းအတွဲပေါင်း ၂၁၅၀ တို့ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်

နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ အောက်တိုဘာ ၁၉ ရက်က ၂၀၂၂ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို စတင်ကျင်းပခဲ့ပြီး ယင်းပြပွဲတွင် ပုလဲအတွဲပေါင်း ၄၀၀၊ ကျောက်မျက်အတွဲပေါင်း ၁၂၀ နှင့် ကျောက်စိမ်းအတွဲပေါင်း ၂၁၅၀ တို့ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

ယခုပြပွဲတွင် ပုလဲအတွဲများအတွက် ကြမ်းခင်းဈေးကို အမေရိကန်ဒေါ်လာဖြင့် သတ်မှတ်ထားပြီး ငွေပေးချေမှုကို ပြည်ပရတနာကုန်သည်များက ဒေါ်လာ၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေတို့ဖြင့်လည်းကောင်း၊ ပြည်တွင်းရတနာကုန်သည်များက ကျပ်ငွေဖြင့်လည်းကောင်း ပေးချေရမည်ဖြစ်ကြောင်း၊ ကျောက်မျက်၊ ကျောက်စိမ်းအတွဲများအတွက် ကြမ်းခင်းဈေးကို ယူရိုငွေဖြင့် သတ်မှတ်ထားရှိပြီး ပြည်ပရတနာကုန်သည်များက ဒေါ်လာ၊ ယူရို၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေတို့ဖြင့်လည်းကောင်း၊ ပြည်တွင်းရတနာကုန်သည်များက ကျပ်ငွေဖြင့်လည်းကောင်း ပေးချေသွားရမည်ဖြစ်ကြောင်း၊ ပုလဲအတွဲများအတွက် အနိမ့်ဆုံးအခြေခံဈေးမှာ အမေရိကန်ဒေါ်လာ ၁၀၀၀ ဖြစ်ပြီး ကျောက်မျက်အတွဲများအတွက် အနိမ့်ဆုံးအခြေခံဈေးမှာ ယူရို ၅၀၀ ဖြစ်ကြောင်း၊ ကျောက်စိမ်းအချောထည် အတွဲများအတွက် အနိမ့်ဆုံးအခြေခံဈေးမှာ ယူရို ၁၀၀၀ နှင့် ကျောက်စိမ်းအရိုင်းအတွဲများအတွက် အနိမ့်ဆုံးအခြေခံဈေးမှာ ယူရိုငွေ ၅၀၀၀ ဖြစ်ကြောင်း သိရသည်။

၂၀၂၂ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို အောက်တိုဘာ ၁၉ ရက်မှ ၂၅ ရက်အထိ ခင်းကျင်းပြသ ရောင်းချပေးသွားမည်ဖြစ်ပြီး မဏိရတနာကျောက်စိမ်းခန်းမအတွင်း ပုဂ္ဂလိကကျောက်မျက်ရတနာ အချောထည်အရောင်းပြခန်းများလည်း ဖွင့်လှစ်ရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**Source:** https://news-eleven.com/article/239099

## မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တင်ပို့ရာ၌ ဆန်အရည်အသွေးကို ကြပ်မတ်စစ်ဆေးမှုဖြင့် တောင်သူ၊ စက်ပိုင်၊ ကုန်သည်နှင့်ကုမ္ပဏီများ အဆင်ပြေသော နှစ်တစ်နှစ်အဖြစ် ရပ်တည်လျက်ရှိ

မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ကုမ္ပဏီ ၃၀ ကျော်မှ ဆန်တင်ပို့လျက်ရှိရာ စီးပွားရေးနှင့်ကူးသန်းရောင်း၀ယ်ရေး ၀န်ကြီးဌာနမှ ပြည်ပပို့ကုန် ဆန်အရည်အသွေးကို စစ်ဆေးကြပ်မတ်မှုဖြင့် မြန်မာ့ဆန်အရည်အသွေးကို ထိန်းချုပ်နိုင်မှုကြောင့် ယခုနှစ် ပြည်ပသို့ ဆန်တင်ပို့မှုတွင် စိုက်ပျိုးတောင်သူ၊ စက်ပိုင်၊ ကုန်သည်နှင့်ကုမ္ပဏီများ အဆင်ပြေသော နှစ်တစ်နှစ်အဖြစ် ရပ်တည်လျက်ရှိကြောင်း သိရသည်။

ယခင်က ကုမ္ပဏီများစုပေါင်း၍ ပြည်ပသို့ ဆန်တင်ပို့ရာ၌ အရည်အသွေးလျော့သော ဆန်များရောနှောပါ၀င်တတ်မှုကြောင့် အရည်အသွေးကောင်း တင်ပို့သောကုမ္ပဏီများ နစ်နာမှုများစွာကြုံတွေ့ခဲ့ရပြီး ယခုအခါ သက်ဆိုင်ရာ၀န်ကြီးဌာနမှ ကြပ်မတ်ဆောင်ရွက်မှုဖြင့် တင်ပို့သော ဆန်အိတ်အတွင်း ကုမ္ပဏီအမှတ်တံဆိပ်ကို ထည့်သွင်းထားခြင်း၊ ဆန်အရည်အသွေး အထူးဂရုပြုစစ်ဆေးခြင်းနှင့် ထွက်ရှိသောဆန်များမှာ ကြိတ်ခွဲရန်ကောင်းမွန်သော တန်းမြင့်ဆန်များဖြစ်ခြင်းတို့ကြောင့်

ဘင်္ဂလားဒေ့ရှ်အပါအဝင် ပြည်ပပို့ကုန်ဆန်များ အရည်အသွေးကောင်းမွန်သည့်အတွက် ဆန်တင်ပို့မှုတွင် ပို့ကုန်ကဏ္ဍ မြင့်တက်လာခြင်းဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့/အနောက်)၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မိုးစပါးများ ထွက်ရှိပြီဖြစ်ရာ သက်ရင့်မျိုးဖြစ်သော ရတနာတိုးနှင့် မနောသုခ ပြည်တွင်းဈေးကွက်အတွင်း အဝင်များ၍ အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ဘုရင့်နောင်ဆန်စပါးကုန်စည်ဒိုင်သို့ ဆင်းသုခနှင့်ရတနာတိုး တစ်ရက်လျှင် ဆန်အိတ် တစ်သိန်းခန့်ဝင်ရောက်လျက်ရှိပြီး နယ်စုံမှထွက်ပေါ်လာသော မိုးစပါးတို့တွင် အချို့မှာ တစ်ဧကတင်းရာကျော် ထွက်နှုန်း ကောင်းခဲ့ပြီး အချို့မှာမိုးကြောင့် ထွက်နှုန်းလျော့မှုများရှိခဲ့သော်လည်း ပျမ်းမျှအားဖြင့် တစ်ဧကလျှင် တင်း ၇၀/၈၀ ထက် မလျော့ကြောင်းသိရပြီး သက်ရင့်စပါးဖြစ်သော မနောသုခနှင့်ရတနာတိုးစပါးကို အောင်မြင်စွာရိတ်သိမ်းနိုင်ခဲ့ကာ ဥရောပဈေးကွက်ဝင် ကရင်မဆန်များ ဘုရင့်နောင်ကုန်စည်ဒိုင်သို့ အောက်တိုဘာ လကုန်ပိုင်းတွင် လှိုင်လှိုင်ဝင်ရောက်လာမည် ဖြစ်သည်။

ဧရာဝတီတိုင်းဒေသကြီးမှထွက်ရှိသော ဆန်စပါးသုံးပုံနှစ်ပုံမှာ ရန်ကုန်မြို့ ကုန်စည်ဒိုင်များထက် ပုသိမ်ကုန်စည်ဒိုင်သို့ တင်ပို့လျက်ရှိရာ ပြည်ပတင်ပို့ခွင့်ရရှိထားသော ကုမ္ပဏီများအနေဖြင့် ပုသိမ်မြို့မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တစ်ပိုင်တစ်နိုင် တိုက်ရိုက်တင်ပို့လျက်ရှိသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ဆန်အဝယ်လိုက်မှုကြောင့် ဝယ်ယူသော ဆန်အမျိုးအစားများ ပြည်တွင်းဈေးကွက်၌ အရောင်းအဝယ်ကောင်းလျက်ရှိပြီး ဝယ်ယူသွားသော ဆန်အတွက် တစ်ပတ်၊ ၁၀ ရက် ငွေစောင့်ဆိုင်းရမှုမရှိဘဲ ငွေလက်ငင်းစနစ်ဖြင့် ဝယ်ယူရောင်းချနိုင်ခြင်း၊ ဆန်စပါးရောင်းဝယ်မှုတွင် ဘဏ်များနှင့်ချိတ်ဆက်ဆောင်ရွက်မှု အားကောင်း ခြင်းတို့ကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တင်ပို့ခွင့်ရရှိထားသော ကုမ္ပဏီ ၃၀ ကျော်မှာ ဈေးကွက်ခိုင်မာမှုကို ရရှိလျက်ရှိသည်။

“ဒီနှစ် ဆန်တင်ပို့ရောင်းချရာမှာ ငွေလက်ငင်းဈေးကွက်ပုံစံနဲ့ ရောင်းချရတာဖြစ်တဲ့အတွက် အားလုံးအဆင်ပြေကြတယ်။ ပြီးတော့ စီးပွားရေးနဲ့ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကလည်း ပို့ကုန်ဆန်အရည်အသွေးကို ကြပ်မတ်စစ်ဆေးတယ်။ ပို့ကုန်ဆန်အိတ်တွေမှာ ကုမ္ပဏီအမှတ်အသားကို ထည့်ပေးထားတာကြောင့် တင်ပို့တဲ့နိုင်ငံမှာ တစ်ခုခုဖြစ်ရင် ဘယ်ကုမ္ပဏီဆိုတာသိနိုင်အောင် ဝန်ကြီးဌာနကဆောင်ရွက်ထားတဲ့အတွက် အရည်အသွေးကိုထိန်းချုပ်ပြီးသားဖြစ်စေပါတယ်။ မိုးစပါးအထွက်နှုန်းကောင်းပြီး ကြိတ်ခွဲလို့ရတဲ့ တန်းမြင့်ဆန်တွေကို ပြည်ပကိုတင်ပို့ခွင့်ရရှိတဲ့အတွက် ဒီနှစ်ဟာ တောင်သူကစပြီး ပို့ကုန်တင်ပို့တဲ့ကုမ္ပဏီတွေအားလုံး အဆင်အပြေဆုံး နှစ်တစ်နှစ်လို့ဆိုရမှာပါ” ဟု ဘုရင့်နောင် ဆန်စပါးကုန်စည်ဒိုင်မှ အတွင်းရေးမှူး ဦးသန်းဦးကပြောသည်။

ပြည်တွင်းစပါးဈေး အစိုတင်းတစ်ရာလျှင် ငွေကျပ် ၁၀ သိန်း၊ အခြောက်တင်းတစ်ရာလျှင် ငွေကျပ် ၁၂ သိန်း ရရှိသောကြောင့် စိုက်ပျိုးတောင်သူများ အဆင်ပြေခဲ့ပြီး ပြည်တွင်းဆန်စပါးဝယ်ယူခြင်းနှင့် ပြည်ပပို့ကုန်တွင်လည်း အကျိုးအမြတ်ရရှိလျက်ရှိကာ ငွေကြေးကဏ္ဍတွင် ပို့ကုန်ပစ္စည်းများ သင်္ဘောတင်ပြီးပါက ထုတ်ယူနိုင်ရန် ဘဏ်များနှင့်ချိတ်ဆက်၍ စီမံဆောင်ရွက်ထားမှုကြောင့် ယမန်နှစ်ကဲ့သို့ ငွေကြေးအခက်အခဲများ မရှိသည့်အတွက် Exporter များအနေဖြင့် ဆန်နှင့်ဆန်ကွဲကို တရုတ်၊ ဖိလစ်ပိုင်၊ ဘင်္ဂလားဒေ့ရှ်နှင့် ဥရောပနိုင်ငံအချို့သို့ တင်ပို့ရာ၌ အဆင်ပြေလျက်ရှိသည်။

**Source:** https://www.myawady.net.mm/node/31641

## တရုတ်နိုင်ငံ၏ စွမ်းအင်သစ်သုံး မော်တော်ယာဉ်များ ထုတ်လုပ်မှုနှင့်ရောင်းအား ကမ္ဘာတွင်ထိပ်ဆုံးဖြစ်

တရုတ်နိုင်ငံ၏ စွမ်းအင်သစ်သုံး မော်တော်ကားများ ထုတ်လုပ်ရောင်းချမှုသည် ကမ္ဘာပေါ်တွင် တရုတ်နိုင်ငံသည် အဆင့်မြင့်နည်းပညာသုံးစွဲသော ခေတ်မီထိပ်တန်းနိုင်ငံဖြစ်သည့် သက်သေဖြစ်ပင်ဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလတွင် စွမ်းအင်သစ်သုံးယာဉ်များ (New energy vehicles–NEVs) များ ထုတ်လုပ်မှုနှင့်ရောင်းအားသည် စံချိန်တင် အမြင့်ဆုံးကိုကျော်လွန်ခဲ့ပြီး အရေအတွက်အားဖြင့် ခုနှစ်သိန်းရှိခဲ့ကြောင်း၊ တရုတ်မော်တော်ယာဉ် ထုတ်လုပ်သူများအသင်းမှ အချက်အလက်များအရ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီမှ ဩဂုတ်လအထိ ပို့ကုန် ၃၄၀,၀၀၀ သို့ရောက်ရှိခဲ့ပြီး ၂၀၂၁ ခုနှစ်ထက် ၉၇ ရာခိုင်နှုန်းကျော် တိုးလာကြောင်း၊ ထုတ်လုပ်မှုနှင့်ရောင်းအားသည် ၂၀၁၅ ခုနှစ်မှစ၍ ကမ္ဘာပေါ်တွင် အမြင့်ဆုံးဖြစ်ကြောင်း

သိရှိရပါသည်။

**(မြန်မာစီးပွားရေးသံမှူး၊ ကူမင်းမြို့)**

**Source:**https://myantrade.gov.mm/article/%E1%80%90%E1%80%9B%E1%80%AF%E1%80%90%E1%80%BA%E1%80%94%E1%80%AD%E1%80%AF%E1%80%84%E1%80%BA%E1%80%84

## ဘုရင့်နောင်ဆန်စပါးကုန်စည်ဒိုင်တွင် တစ်ရက်လျှင် ဆန်အိတ်ရေ တစ်သိန်းခန့် ဝင်ရောက်လျက်ရှိ



https://www.foodindustrydirectory.com.mm

မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင် မိုးစပါးများ ထွက်ရှိလာပြီဖြစ်သောကြောင့် ရန်ကုန်မြို့ရှိ ဆန်စပါးကုန်စည်ဒိုင်(ဘုရင့်နောင်)တွင် တစ်ရက်လျှင် ဆန်သစ် ၂၄ ပြည်ဝင် အိတ်ရေ တစ်သိန်းခန့် ဝင်ရောက်လျက်ရှိကြောင်း မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များ အသင်း၊ ဆန်စပါးကုန်စည်ဒိုင် (ဘုရင့်နောင်) မှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် သက်ရင့်မျိုးများဖြစ်သော ဆင်းသုခ၊ မနောသုခနှင့် ရတနာတိုးဆန်များ ထွက်ပေါ်လာချိန် ဖြစ်သောကြောင့် ယခုရက်ပိုင်း ရန်ကုန်မြို့ရှိ ဆန်စပါးကုန်စည်ဒိုင် (ဘုရင့်နောင်)တွင် နေ့စဉ်ဆန်သစ်အိတ်ရေ တစ်သိန်းခန့် ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

“ယခုလက်ရှိမှာတော့ မိုးစပါးတွေက ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနဲ့ပဲခူးတိုင်းဒေသကြီး အရှေ့၊ အနောက်တွေကလဲ ပေါ်နေပါတယ်။ အခုမိုးစပါးပေါ်တဲ့ ရာသီအချိန်မှာတော့ ဘုရင့်နောင်ကုန်စည်ဒိုင်ကို တစ်ရက်ကို ဆန်အိတ်ပေါင်း တစ်သိန်းလောက်ဝင်တယ်။ သက်ရင့်မျိုးတွေဖြစ်တဲ့ မနောသုခတို့၊ ရတနာတိုးတို့ အဝင်များပါတယ်။ လက်ရှိဈေးအနေအထားအရဆိုရင် အဲဒီဆန်နှစ်မျိုးက အတူတူလောက်ရှိတယ်။ အများအားဖြင့် ဆင်းသုခမျိုးစပါးတွေက ပိုပေါပါတယ်။ သူကသက်တမ်းတိုတော့ အရင်ဆုံးပေါ်တယ်”ဟု မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း၊ ဆန်စပါး ကုန်စည်ဒိုင် (ဘုရင့်နောင်)မှ အတွင်းရေးမှူးက ပြောပြသည်။

ယခုအခါ မိုးစပါးများထွက်ပေါ်လာပြီဖြစ်သော်လည်း သက်ရင့်စပါးပေါ်ချိန်နှင့် သက်ကြီးစပါးပေါ်ချိန် ကွာခြားမှုရှိသည့် အတွက် ဥရောပဈေးကွက်ဝင် သက်ကြီးစပါးမျိုးများ ဈေးကွက်အတွင်းသို့ လာမည့်နိုဝင်ဘာဆန်းပိုင်းတွင် စတင်ဝင်ရောက် နိုင်ကြောင်းသိရသည်။

**Source: YDNP**

https://www.foodindustrydirectory.com.mm/food-industry/cuisine/myanmar/item/5165-about-100,000-bags-of-rice-are-entering-the-bhurinnaung-rice-warehouse-every-day.html

## ရှမ်းပြည်နယ်(တောင်ပိုင်း) မှ နှင်းဆီနှင့်ဂန္ဓာမာပန်းများ မလေးရှားဈေးကွက်သို့ စမ်းသပ်တင်ပို့

ရှမ်းပြည်နယ်(တောင်ပိုင်း) တွင် ပန်းစိုက်ပျိုးမှုအတွက် ရာသီဥတုကောင်းမွန်သဖြင့် တစ်နှစ်ပတ်လုံး ကလော၊ ဟဲဟိုး၊ ညောင်ရွှေ၊ အောင်ပန်းမြို့နယ်များ၌ စိုက်ပျိုးကြပြီး စိုက်ပျိုးမှုအနေဖြင့် (၈၀၀ မှ ၁၀၀၀)ဧကခန့်ရှိပြီး နှင်းဆီ၊ ဂန္ဓာမာ၊ သပြေ၊ လီလီပန်းတို့ကို အများဆုံးစိုက်ပျိုး၍ ပြည်နယ်တွင်းဈေးကွက်များကိုသာ အဓိကထား၍ ခြံရှင်များမှတိုက်ရိုက်ရောင်းချခြင်း၊ အောင်ပန်းပွဲရုံများမှတဆင့်လည်းရောင်းချကြပြီး လစဉ်ပန်းမျိုးစုံ ဆယ်သိန်းကျော် ရောင်းချရကြောင်း ယခုလအတွင်း ဈေးနှုန်းများအနေဖြင့် နှင်းဆီ(၁၀)ပွင့်ကို (၂၀၀၀ မှ ၂၃၀၀)ကျပ်၊ ဂန္ဓာမာပန်းမှာ အရောင်အမျိုးအစားအပေါ်မူတည်၍ (၁၀)ပွင့် လျှင် (၂၀၀၀ မှ ၂၂၀၀)ကျပ် ဈေးများရှိကြောင်း ပွဲရုံများမှသိရပါသည်။

ယခုကာလအတွင်း မလေးရှားနိုင်ငံဈေးကွက်သို့ လေကြောင်းမှ စမ်းသပ်တင်ပို့ရန်အတွက် အောင်ပန်းရှိပွဲရုံတစ်ခုမှ ရန်ကုန်ရှိ ကုမ္ပဏီတစ်ခုနှင့်ချိတ်ဆက်ပေးပို့ခဲ့ပြီး၊ စမ်းသပ်တင်ပို့မှုအနေဖြင့် ရေမွှေးနှင်းဆီအပွင့်(၆၀၀)ပါ တစ်ဖာ၊ ဂန္ဓာမာပန်း ကြွေဖြူနှင့် ရွှေဝါဝင်းအပွင့် (၅၀၀)စီးပါ နှစ်ဖာတို့ကို ရန်ကုန်မြို့မှတဆင့် မလေးရှားနိုင်ငံသို့လေကြောင်းမှ တင်ပို့ပေးခဲ့ပြီး ရေရှည်အနေဖြင့် သယ်ယူပို့ဆောင်မှုနှင့် ဈေးကွက်တွင်းရောက်ရှိချိန်၌ ပန်းများကောင်းမွန်ခြင်း ရှိမရှိပေါ်မူတည်ပြီး ဆက်လက်

တင်ပို့သွားမည်ဖြစ်သည့်အတွက် စိုက်ပျိုးသူတောင်သူများအတွက်လည်း ဈေးကွက်အခွင့်အလမ်းများပိုမိုရရှိမည် ဖြစ်ကြောင်း သိရပါသည်။

**Source: ကမ္ဘောဇကုန်သွယ်မှုဗဟိုဌာန၊ တောင်ကြီးမြို့**

## ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဈေးကွက်ရရှိနေသော မြန်မာ့ထန်းလျက်



https://www.commerce.gov.mm

မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လယ်ယာထွက်ကုန်ပစ္စည်းများ၊ ရေထွက်ပစ္စည်းများနှင့် စက်မှုကုန်ချောပစ္စည်းများကို တင်ပို့ရာတွင် ထန်းလျက်သည်လည်း ပို့ကုန်အမယ်တစ်ခုအနေဖြင့် ပါဝင်လျက်ရှိသည်။

၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ မတ်လအထိ (၆) လတာကာလအတွင်း ထန်းလျက် (၆၄.၅) တန် တင်ပို့နိုင်ခဲ့သည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်(ဧပြီလမှ စက်တင်ဘာလအထိ) ထန်းလျက် တန်ချိန် (၆၄) တန် တင်ပို့နိုင်ခဲ့သောကြောင့် မြန်မာ့ထန်းလျက် ထုတ်လုပ်သူများအနေဖြင့် အလားအလာကောင်းများရှိနေကြောင်း သိရှိရသည်။ ၁၉-၁၀-၂၀၂၂ ရက်နေ့ (၁၁:၀၀) အချိန် ပြင်ပငွေလဲနှုန်းမှာ (၁) ဒေါ်လာလျှင် (၂၈၂၅)ကျပ်၊ (၁)ဒေါ်လာလျှင် (၁၁၃)တာကာ၊ (၁) တာကာ လျှင် (၂၅.၀၀) ကျပ်ရှိကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/update-news-international-trade/%E1%80%98%E1%80%84%E1%80%BA%E1%80%B9%E1%80%82%E1%80%9C%E1

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင် ဈေးကွက်ဈေးနှုန်းများ

ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် **အောက်တိုဘာလ ၁၃ ရက်မှ အောက်တိုဘာလ ၂၂ ရက်** အတွင်း ဖြစ်ပေါ်ခဲ့သော ဈေးနှုန်းဈေးကွက်သတင်းများအားစုစည်းတင်ပြလိုက်ပါသည်။

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် အာလူး (တစ်ပိဿာ) ဈေးနှုန်းများမှာ အောင်ပန်း A1 ကျပ် ၁၆၀၀၊ အောင်ပန်း OK ကျပ် ၁၆၀၀၊ အောင်ပန်း S1 ကျပ် ၁၆၅၀၊ အောင်ပန်း S2 ကျပ် ၂၀၅၀ နှင့် တရုတ်အာလူး ကျပ် ၂၃၅၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း တရုတ်အာလူး ကျပ် ၁၅၀ ဈေးကျဆင်းခဲ့ပြီး၊ အောင်ပန်း OK ကျပ် ၅၀၊ အောင်ပန်း S1 ကျပ် ၅၀ နှင့် အောင်ပန်း S2 ကျပ် ၅၀ အသီးသီးဈေးမြင့်တက်ခဲ့သည်။ ကျန်အာလူးများမှာ ဈေးငြိမ်လျက်ရှိကြောင်းသိရသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ အာလူးကားစီးရေ ၆၈ (၄၀၈၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် အာလူးကားစီးရေ ၅၉ (၃၅၄၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် အာလူးကားစီးရေ ၉ စီး (၅၄၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ဆိတ်ဖြူမြို့၊ မြင်းခြံမြို့နှင့် မုံရွာမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ(တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိတ်ဖြူရှယ်(သစ်) ကျပ် ၃၄၀၀ ၊ ဆိတ်ဖြူလတ်ကြီး ကျပ် ၃၃၀၀ ၊ ဆိတ်ဖြူလတ်သန့် ကျပ် ၃၂၀၀ ၊ ဆိတ်ဖြူ လတ်ချော ကျပ် ၂၉၀၀ ၊ မြင်းခြံရှယ်(သစ်) ကျပ် ၃၁၀၀ ၊ မြင်းခြံလတ်ကြီး ကျပ် ၂၉၅၀ ၊ မြင်းခြံလတ်သန့် ကျပ် ၂၈၅၀ နှင့် မြင်းခြံလတ်ချော ကျပ် ၂၇၀၀၊ မုံရွာရှယ် ကျပ် ၃၃၀၀၊ မုံရွာလတ်ကြီး ကျပ် ၃၂၀၀၊ မုံရွာလတ်သန့် ကျပ် ၃၁၀၀ ၊ မုံရွာလတ်ချော ကျပ် ၂၈၀၀ အသီးသီး ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆိတ်ဖြူရှယ်(သစ်) ကျပ် ၁၀၀ ၊ဆိတ်ဖြူလတ်ကြီး ကျပ် ၁၀၀ ၊ မြင်းခြံရှယ်(သစ်) ကျပ် ၇၅၀၊ မြင်းခြံလတ်ကြီး ကျပ် ၇၀၀ ၊ မြင်းခြံလတ်သန့် ကျပ် ၆၅၀ ၊ မြင်းခြံလတ်ချော ကျပ် ၄၀၀ အသီးသီးဈေးမြင့်တက်ခဲ့ပြီး၊ မုံရွာရှယ် ကျပ် ၃၀၀၊ မုံရွာလတ်ကြီး ကျပ်၂၀၀ ၊ မုံရွာလတ်သန့် ကျပ် ၃၀၀ ၊ မုံရွာလတ်ချော ကျပ် ၂၀၀ အသီးသီးဈေး ကျဆင်းခဲ့သည်။ကုန်စည်ဒိုင်သို့ ကြက်သွန်နီဝင်ရောက်မှုမှာ ယခင် အပတ်က ကားစီးရေ ၁၄၆ (၈၇၆၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး၊ ယခုအပတ်တွင် ကားစီးရေ ၁၄၅ (၈၇၀၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်နီကားစီးရေ ၁ (၆၀၀၀ ပိဿာ) လျော့နည်း ဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်နှင့်အောင်ပန်းမြို့တို့မှကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်ရှယ် ကျပ် ၃၇၀၀၊ အောင်ပန်းထူး-၂ ကျပ် ၂၈၀၀၊ အောင်ပန်း ထူး-၃ ကျပ် ၃၂၀၀၊ အောင်ပန်း ထူး-၄ ကျပ် ၃၅၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၃၉၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း အောင်ပန်းထူး-၂ ကျပ်၂၀၀ ၊ အောင်ပန်းထူး-၃ ကျပ် ၁၀၀၊ အောင်ပန်းထူး-၄ ကျပ် ၁၀၀၊ အောင်ပန်းထူး-၅ ကျပ် ၁၀၀ အသီးသီးဈေးမြင့်တက်ခဲ့ပြီး ကြက်သွန်ဖြူ ကြူကုတ်မှာဈေးငြိမ်လျက်ရှိသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ကြက်သွန်ဖြူ အိတ် ၂၅၀၀ (၇၅၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ် ၂၉၀၀ ( ၈၇၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ် ၄၀၀ (၁၂၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ပဲများ၏(တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲFAQ/RC(2022 Crop) ကျပ် ၁၈၄၀၀၀၀၊ မတ်ပဲ SQ/RC (2022 Crop) ကျပ် ၂၁၆၅၀၀၀ နှင့် ပဲစင်းငုံ Red/RC (2022 Crop) ကျပ် ၁၉၇၅၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC(2022 Crop) ကျပ် ၄၃၀၀၀ ၊ မတ်ပဲ SQ/RC (2022 Crop) ကျပ် ၄၅၀၀၀ နှင့် ပဲစင်းငုံ Red/RC (2022 Crop) ကျပ် ၁၀၀၀၀ ဈေးကျဆင်းခဲ့ကြောင်းသိရသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/ RC(2022 Crop) ကွန်တိန်နာ ၂၅ လုံး( တန်ချိန် ၆၀၀ ) နှင့် မတ်ပဲ SQ/RC (2022 Crop) ကွန်တိန်နာ ၅ လုံး ( တန်ချိန် ၁၂၀) ဝင်ရောက်ခဲ့ပြီး ၊ ယခုအပတ်တွင် မတ်ပဲ FAQ/ RC(2022 Crop) ကွန်တိန်နာ ၃၀ လုံး( တန်ချိန် ၇၂၀) နှင့် မတ်ပဲ SQ/RC (2022 Crop) ကွန်တိန်နာ ၁၅ လုံး (တန်ချိန် ၃၆၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် စုစုပေါင်းကွန်တိန်နာ ၄၅လုံး (တန်ချိန် ၁၀၈၀) ပိုမို ဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ငရုပ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သောငရုပ်သီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မြှားနီ ဟသ်ာတ ( သစ် ) AC ကျပ် ၁၈၅၀၀၊ ပန်းရဲငရုပ် (သစ်) AC ကျပ် ၁၉၅၀၀၊ မိုးထောင်ပျော်ဘွယ် ကျပ် ၁၄၀၀၀ ၊ ဆင်ဖြူကျွန်း(ပု)ဟောင်း ကျပ် ၁၄၀၀၀၊ မြစ်ဝ (ပု) ကျပ် ၁၉၀၀၀၊ ကျောက်ဆည်ဒီမွန် ကျပ် ၁၄၀၀၀ နှင့် စိမ်းစား ကျပ် ၁၈၀၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မြှားနီဟသ်ာတ(သစ်) AC ကျပ် ၁၀၀၀၊ ပန်းရဲငရုပ်( သစ် ) AC ကျပ် ၅၀၀ ၊ မိုးထောင် (ပျော်ဘွယ်) ကျပ် ၁၅၀၀ ၊ ကျောက်ဆည် ဒီမွန် ကျပ် ၁၅၀၀ နှင့် မြစ်ဝ(ပု) ကျပ် ၆၀၀၀ အသီးသီး ဈေးမြင့်တက်ခဲ့သည်။ ကျန်အမျိုးအစားများဈေးငြိမ်လျက်ရှိသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ငရုပ်ရှည် အိတ်ပေါင်း ၂၅၀၀ (၅၀၀၀၀ ပိဿာ) နှင့် ငရုပ်ပုအိတ်ပေါင်း ၃၀၀ (၄၅၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ငရုပ်ရှည်အိတ်ပေါင်း ၃၆၀၀ (၇၂၀၀၀ ပိဿာ) နှင့် ငရုပ်ပုအိတ်ပေါင်း ၃၃၀ (၄၉၅၀ ပိဿာ) ဝင်ရောက်ခဲ့ သောကြောင့် ယခင်အပတ်ထက် ငရုပ်ရှည် အိတ်ပေါင်း ၁၁၀၀ (၂၂၀၀၀ ပိဿာ) နှင့် ငရုပ်ပုအိတ် ပေါင်း ၃၀ (၄၅၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**မန်ကျည်း**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သော မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီးပွင့်ကပ် (သစ်) ကျပ်၂၂၀၀ နှင့် မန်ကျည်းအသား (သစ်) ကျပ် ၄၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းသီးဈေးမှာငြိမ်လျက် ရှိကြောင်းသိရသည်။

**ထန်းလျက်၊ ကြံသကာနှင့်သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့် သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာမလိုင် (ဒိုး) ကျပ် ၃၀၅၀၊ ညောင်ဦးဆေးရှယ်ထန်း ကျပ် ၃၇၀၀၊ ညောင်ဦး ဆေးရှယ်ထန်းရော ကျပ် ၂၅၀၀၊ ပခုက္ကူကြမ်း ကျပ် ၃၂၀၀၊ ရေစကြိုထန်းလျက် ကျပ် ၃၇၀၀၊ ကြံသကာ အိတ်သွတ်စ ကျပ် ၂၈၀၀ နှင့် သကြား (ပြည်တွင်း) ကျပ် ၂၅၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း တောင်သာမလိုင် (ဒိုး) ကျပ် ၅၀၊ ညောင်ဦး ဆေးရှယ်ထန်းရော ကျပ် ၅၀ ၊ ပခုက္ကူကြမ်း ကျပ် ၁၅၀ နှင့် ရေစကြိုထန်းလျက် ကျပ် ၁၅၀ ဈေးမြင့်တက်ခဲ့သည်။ ကျန်အမျိုးအစားများမှာ ဈေးငြိမ် လျက်ရှိကြောင်းသိရသည်။

**Source: ကုန်သွယ်မှုဖဟိုဌာန (ရန်ကုန်)**

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 20th Oct. 2022

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,500 | -100 | -1.04% | 9,500 | 9,500 | 9,500 | 1,450 | 13,775,000 | 33,109,694 | 314,542 |
| MTSH | 00002 | 3,500 | +0 | +0.00% | 3,500 | 3,500 | 3,500 | 3,327 | 11,644,500 | 38,929,150 | 136,252 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,800 | 7,800 | 7,800 | 67 | 522,600 | 10,400,986 | 81,128 |
| FPB | 00004 | 20,000 | -1,000 | -4.76% | 21,500 | 21,500 | 20,000 | 181 | 3,671,000 | 2,472,053 | 49,441 |
| TMH | 00005 | 2,750 | +0 | +0.00% | 2,750 | 2,750 | 2,750 | 0 | 0 | 12,823,224 | 35,264 |
| EFR | 00006 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 2,062 | 5,567,400 | 19,977,223 | 53,939 |
| AMATA | 00007 | 5,000 | -100 | -1.96% | 5,100 | 5,100 | 5,000 | 40 | 203,500 | 10,497,598 | 52,488 |


## Market summary

As of 20th Oct. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 415.64 | -3.93 | -0.94% | 418.37 | 418.37 | 415.64 | 7,127 | 35,384,000 | 7 | 723,054 |

### Index chart




## Market Overview

### Main Board

As of 1:00 pm, 20th Oct. 2022

| MYANPIX | 415.64 ▼ 3.93 |
|---|---|
| Total Volume (shares) | 7,127 |
| Total Value (MMK) | 35 mil |
| Listed Company | 7 |
| Market Cap. (MMK) | 723,054 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,500 | ▼ 100 |
| MTSH | 00002 | 3,500 | ▲ 0 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 20,000 | ▼ 1,000 |
| TMH | 00005 | 2,750 | ▲ 0 |
| EFR | 00006 | 2,700 | ▲ 0 |
| AMATA | 00007 | 5,000 | ▼ 100 |